# ကုလသမဂ္ဂအဖွဲ့၏ ရည်ရွယ်ချက်၊ မူဝါဒများနှင့် ဆန့်ကျင်သည့် အစီရင်ခံစာနှင့် ဆွေးနွေးမှုများကို မြန်မာနိုင်ငံက ပယ်ချ

(၇၆) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၊ တတိယကော်မတီ၌ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မြန်မာနိုင်ငံ လူ့အခွင့်အရေး ဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူတို့၏ ထုံးစံအတိုင်း တစ်ဖက်သတ် အစီရင်ခံစာများအပေါ် အပြန်အလှန် ဆွေးနွေးမှုများကို ၂၂-၁၀-၂၀၂၁ ရက်တွင် ပြုလုပ်ခဲ့သည်။ ယင်းမတိုင်မီ ၂၁-၁၀-၂၀၂၁ ရက်တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်က မြန်မာနိုင်ငံနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲတစ်ရပ် ကျင်းပခဲ့သည်။

ယခုတင်သွင်းသည့် အစီရင်ခံစာများသည် ယခင်အစီရင်ခံစာများကို ပုံတူကူးချထားခြင်းသာဖြစ်၍ ထူးမခြားနား ချဲ့ကားတန်ဆာဆင် ပြောစကားများဖြင့်သာ ထပ်နေပြီး၊ ဖြစ်ရပ်မှန် အချက်အလက်များ ပျောက်ဆုံးနေကြောင်း တွေ့ရသည်။ အစီရင်ခံစာနှစ်ခုလုံးတွင် ဖော်ပြထား သည့် သေဆုံးမှုကိန်းဂဏန်း အများစုမှာ “နိုင်ငံရေးအကျဉ်းသားများ စောင့်ကြည့်လေ့လာရေး အဖွဲ့ (AAPP)” ဟု ခေါ်သည့်အဖွဲ့မှ ရယူခြင်းဖြစ်ပြီး၊ ၎င်းတို့အဆိုအရ AAPP အား ယုံကြည်စိတ်ချ ရသည့် အရင်းအမြစ်ဟု ညွှန်းထားသည်။ သို့သော် AAPP အဖွဲ့၏ စာရင်းဆိုသည်ကပင် ထိခိုက်ခံစားရသူများ၏ အချက်အလက်များကို စိစစ် အတည်ပြုနိုင်ခြင်း မရှိသဖြင့် ယုံကြည်စိတ်ချရမှုမှာ မေးခွန်းထုတ်ဖွယ် ဖြစ်သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်က တင်သွင်းသည့် အစီရင်ခံစာတွင် အဖြစ်အပျက်တစ်ခုချင်းစီအား မည်သည့်နေ့ရက်၊ အချိန်တွင် ဖြစ်ပွားသည်ကို ရှင်းလင်း သေချာစွာ ဖော်ပြထားခြင်းမရှိဘဲ သိမ်းကျုံးစွပ်စွဲချက်များကိုသာ အခြေခံထားသည်။ အထူးကိုယ်စားလှယ်က မြန်မာနိုင်ငံအတွင်း သိသာသည့် ဆုတ်ယုတ်မှုများမှာ ရွေးကောက်ပွဲ လုပ်ငန်း စဉ်နှင့် ရလဒ်အပေါ် တပ်မတော်၏ သဘောထားကွဲလွဲမှုကြောင့် ဖြစ်ကြောင်း ဖော်ပြထားသည်။ ယခင် မဲမသမာမှုများကို ဖြေရှင်းပေးရန် တပ်မတော်၏ ကနဦး တောင်းဆိုချက်ကို NLD အစိုးရ နှင့် ယခင်ရွေးကောက်ပွဲကော်မရှင် ဘက်က လုံးဝလျစ်လျူရှုခဲ့ခြင်းကြောင့် လက်ရှိနိုင်ငံရေး အခြေအနေသို့ ဆိုက်ရောက်နေသည် ဆိုသည့် အချက်ကိုမူ ချန်လှပ်ထားခဲ့သည်။ ထို့အပြင် အထူး ကိုယ်စားလှယ်၏ လေ့လာတွေ့ရှိချက်များတွင် ဖော်ပြ ထားချက်များအရ ကုလသမဂ္ဂအဖွဲ့များ၏ ဝင်ရောက်စွက်ဖက်၊ လွှမ်းမိုးခြယ်လှယ်လိုသည့် ရည်ရွယ်ချက်မှာ ထင်ရှားသည်။ အစီရင်ခံစာတွင် အားလုံးမျှော်မှန်းသည့် ဒီမိုကရေစီ ရည်မှန်းချက်နှင့် အားလုံး၏ တူညီ သောခံစားမှုများ ဟု ခေါင်းစဉ်တပ်၍ ယင်းခေါင်းစဉ်အောက်တွင် အဖွဲ့များအကြား ပိုမိုပူးပေါင်းမိစေရန် မသိမသာ အားပေးအားမြှောက်ပြုကာ အစိုးရနှင့် ပြည်သူများအကြား တင်းမာမှုများနှင့် ကြီးမားသည့် လက်နက်ကိုင် ဆူပူအုံကြွမှုများ ပိုမိုဖြစ်ပွားလာစေရန် ဦးတည်ရေးသားထားကြောင်း တွေ့ရ သည်။ ယင်းကို သမာသမတ်ကျသော အားပေးမှုဟု မယူဆနိုင်သည့်အပြင် နိုင်ငံတွင်း စိတ်ဝမ်း ကွဲပြားမှုနှင့် အကြမ်းဖက် လှုံ့ဆော်မှုများ ဖြစ်စေရန်သာ ဦးတည်သည်။ ထို့ကြောင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကို ယ်စားလှယ်၏ သမာသမတ်ကျမှုနှင့် ၎င်း၏ရပ်တည်မှုတို့မှာ မေးခွန်းထုတ်ဖွယ် ဖြစ်သည်။

ထို့နည်းတူပင် အထူးအစီရင်ခံစာတင်သွင်းသူ၏ အစီရင်ခံစာပါ အကြောင်းအရာအားလုံး နီးပါးမှာ မည်သူမည်ဝါမသိရသူများ၏ စိတ်ဆင်းရဲဖွယ် နှုတ်ပြောများကို အမွှမ်းတင်ထားပြီး၊ တိကျခိုင်လုံသည့် သဲလွန်စပင် မရှိကြောင်း တွေ့ရသည်။ အစီရင်ခံစာအရ အထူးအစီရင်ခံစာ တင်သွင်းသူသည် လွယ်ကူ မြန်ဆန်သော သုံးသပ်ချက်မျိုး ပေးလေ့ရှိကြောင်း တွေ့ရသဖြင့် ၎င်း၏လုပ်ရပ်သည် အန္တရာယ်ဖြစ်စေကြောင်း တွေ့ရသည်။ ဥပမာအားဖြင့် တပ်ပြေးအရာရှိဟောင်းတစ်ဦး၏ ပြောကြားချက်တစ်ခုတည်းဖြင့် တပ်မတော်

၏ လုပ်ဆောင်ချက်များသည် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ပြစ်မှုများ ဖြစ်နိုင်ခြေရှိသည်ဟု အထူးအစီရင်ခံစာ တင်သွင်းသူက မှတ်ချက်ပြုခဲ့သည်။ တွေးခေါ်မြော်မြင်မှုနှင့် မှန်ကန်ကြောင်း စိစစ်အတည်ပြုချက်တို့မပါဝင်ဘဲ တပ်ပြေးတစ်ဦးတစ်ယောက်၏ နှုတ်ပြောတစ်ခွန်းတစ်စအပေါ် အခြေခံ၍ ယခုကဲ့သို့ တစ်ဖက်သတ်ဆန်သည့် သုံးသပ်ချက်ကို လွယ်လွယ်ကူကူပေးခြင်းအပေါ် မေးခွန်း ထုတ်ဖွယ်ရာ ဖြစ်သည်။ ထို့အပြင် အထူးအစီရင်ခံစာတင်သွင်းသူသည် ကိုဗစ်-၁၉ ကပ်ရောဂါ နှင့်ပတ်သက်၍ မြန်မာအစိုးရ၏ လွဲမှားသော ကိုင်တွယ်ဖြေရှင်းမှု အကျိုးဆက်ကြောင့် ဒယ်လ်တာဗိုင်းရပ်စ်ထက် ပိုမိုပြင်းထန်စွာ ကူးစက်ပြီး ပိုမိုသေစေနိုင်သည့် မျိုးကွဲအသစ်များ ဖြစ်ပွားလာနိုင်ခြေရှိသည်ဟု ပုံကြီးချဲ့ ကောက်ချက်ချခဲ့သည်။ ထိုသို့ မှန်ကန်မှုမရှိသည့် ကောက်ချက်မျိုးကို မည်သည့် သိပ္ပံနည်းကျ လေ့လာမှုများအပေါ် အခြေခံထားသည် ဆိုသည်မှာ စိတ်ဝင်စားဖွယ် ဖြစ်သည်။ ၂၀၂၁ခုနှစ်၊ ဇူလိုင်လလယ်တွင် ရက်တစ်ရက်အတွင်း ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း ၇,၀၈၃ ဦးရှိခဲ့ရာ ရောဂါပိုးစစ်ဆေးသူစုစုပေါင်း၏ ၃၃ ရာခိုင်နှုန်းဖြစ်ပြီး ယင်းပမာဏမှာ ကိုဗစ်-၁၉ ကပ်ရောဂါ တတိယလှိုင်းဖြစ်ပွားမှုကာလအတွင်း ရောဂါကူးစက်မှု အမြင့်ဆုံး ဖြစ်ခဲ့သည်။ မြန်မာနိုင်ငံ အစိုးရအနေဖြင့် ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရောဂါကူးစက်ပြန့်ပွားမှုများကို ထိန်းချုပ်ရန် အစွမ်းကုန်ကြိုးပမ်းခဲ့ရာ၊ ယခုအခါ ရောဂါကူးစက်မှု နှုန်းမှာ သိသိသာသာ လျော့ကျလာပြီး၊ လက်ရှိတွင် ၈ ရာခိုင်နှုန်းအောက်အထိ ကျဆင်းခဲ့သည်။

ကောလာဟလများနှင့် မခိုင်လုံသော အချက်များအပေါ် အခြေခံ၍ အစီရင်ခံစာနှစ်ခုလုံး တွင် အချုပ်အခြာအာဏာပိုင်အစိုးရကို စွပ်စွဲရှုတ်ချကာ အကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက် ကျူးလွန်မှုများအပေါ် လျှော့ပေါ့ရေးသားနေခြင်းမှာ သံသယဖြစ်ဖွယ်ရှိသည်။ အစီရင်ခံစာနှစ်ခု လုံးတွင် အကြမ်းဖက်အဖွဲ့များက စတင်ကျူးလွန်သည့် အကြမ်းဖက်လုပ်ရပ်များစွာ ရှိသည်ဟု အပေါ်ယံမျှသာ ဖော်ပြထားသော်လည်း အကြမ်းဖက်အဖွဲ့အစည်းများ၏ လုပ်ရပ်များကြောင့် သေဆုံးခဲ့ရသည့် စာရင်းအမှန်ကို ဖုံးကွယ်ထားကြောင်း တွေ့ရသည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ လမှ အောက်တိုဘာလနှောင်းပိုင်းအထိ အကြမ်းဖက် တိုက်ခိုက်မှုဖြစ်စဉ်ပေါင်း ၉၈၆ ကြိမ်၊ ဗုံးခွဲ တိုက်ခိုက်မှု ၂၃၄၄ ကြိမ်၊ မီးရှို့ဖျက်ဆီးမှု ၃၁၂ ကြိမ်၊ စုစုပေါင်း ၃၆၄၂ ကြိမ် ပြုလုပ်ခဲ့သည်။ ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကြောင့် အရပ်သားပြည်သူ ၁၁၅၅ ဦး သေဆုံးပြီး၊ ၇၆၅ ဦး ဒဏ်ရာရရှိခဲ့သည်။ ထို့အပြင် လုံခြုံရေးတပ်ဖွဲ့ဝင် တပ်မတော်သား ၇၅ ဦး၊ ရဲတပ်ဖွဲ့ဝင် ၉၃ ဦးနှင့် အစိုးရဝန်ထမ်း ၁၄ ဦး၊ စုစုပေါင်း ၁၈၂ ဦး သေဆုံးကာ ၆၀၂ ဦး ဒဏ်ရာရရှိခဲ့သည်။ စာသင် ကျောင်း နှင့် ပညာရေးအဆောက်အဦ ၂၅၁ ခု မီးရှို့၊ ဗုံးခွဲခံခဲ့ရသည်။ ကားလမ်း၊ ရထားလမ်းများ အား ဖျက်ဆီးခဲ့မှု ၅၃၆ ကြိမ် ရှိခဲ့ပြီး၊ တံတား ၇၆ စင်းအား ဖျက်ဆီးခဲ့သည်။ ထိုသို့ စစ်မက် ပြုရာတွင် ပါဝင်ခြင်း၊ ကျောင်းများနှင့် ဘာသာရေးအဆောက်အအုံများကို အသုံးချကာ နိုင်ငံ၏ လုံခြုံရေးတပ်ဖွဲ့များကို တိုက်ခိုက်ခြင်းသည် စစ်ရာဇဝတ်မှုကို ကျူးလွန်ခြင်းပင် ဖြစ်သည်။ ထိုကဲ့သို့သော ဆိုးရွားရက်စက်သည့် အကြမ်းဖက်မှုများကို အစီရင်ခံစာများတွင် လျှော့ပေါ့ ဖော်ပြထားပြီး၊ တရားဝင် အစိုးရကို စွပ်စွဲရှုတ်ချရန် ပူးပေါင်းကြံစည်ရာ ရောက်သည့် ဆောင်ရွက် မှုများသည် ကုလသမဂ္ဂအဖွဲ့အစည်း၏ ရည်ရွယ်ချက်၊ မူဝါဒများနှင့်လည်း ဆန့်ကျင်လျက် ရှိသည်။

နိုင်ငံတော်သစ္စာဖောက်ဖျက်မှုဖြင့် ရာထူးမှ ထုတ်ပယ်ခံရပြီး တရားရင်ဆိုင်နေရသော ကျော်မိုးထွန်းက ယခုအပြန်အလှန်ဆွေးနွေးမှုများအပါအဝင် ကုလသမဂ္ဂအစည်းအဝေးများသို့ တက်ရောက်ခွင့် ရရှိနေခြင်းသည်လည်း ဘက်လိုက်မှုမရှိခြင်း၊ အချုပ်အခြာအာဏာပိုင်နိုင်ငံ တစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှုမရှိခြင်း စသည့် ကုလသမဂ္ဂ၏ မူဝါဒများနှင့် တိုက်ရိုက်ဆန့်ကျင်လျက်ရှိပြီး၊ ယင်း၏ အကြိမ်ကြိမ် ပျက်ကွက်မှုကို ဖော်ပြနေသည်။ ထိုသို့ နိုင်ငံတစ်နိုင်ငံအပေါ် နိုင်ငံရေးအရ ပစ်မှတ်ထားပြီး၊

ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်ရန် လူ့အခွင့်အရေးကို ခုတုံးလုပ် အသုံးချနေမှုများကို မြန်မာနိုင်ငံအနေဖြင့် လက်မခံကြောင်း ဖော်ပြသည်။

ၾငင်းတို့၏ လုပ်ဆောင်ချက်နှင့် အစီရင်ခံစာများသည် သက်ဆိုင်ရာနိုင်ငံ၏ အချုပ်အခြာ အာဏာပိုင်ဆိုင်မှုကို ထိပါးပြီး၊ မြေပြင်အခြေအနေများကို ထင်ဟပ်မှုမရှိသောကြောင့် လည်းကောင်း၊ သက်ဆိုင်ရာနိုင်ငံ၏ ပါဝင်မှုကို ရည်ရွယ်ချက်ရှိရှိဖြင့် ဖယ်ထုတ်ထားသောကြောင့် လည်းကောင်း မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်နှင့် လူ့အခွင့်အရေး အထူးအစီရင်ခံစာတင်သွင်းသူတို့၏ အစီရင်ခံစာများကို လက်မခံ ပယ်ချသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်

**Myanmar rejects reports and dialogues that run contrary to the purposes and principles of the United Nations**

The Interactive Dialogues with the Special Envoy of the Secretary-General of the United Nations on Myanmar and with the Special Rapporteur on the situation of Human Rights in Myanmar were organized at the Third Committee of the 76th United Nations General Assembly on 22 October 2021, based on their usual biased reports. It was preceded by the Special Envoy's press conference on Myanmar on 21 October 2021.

The present reports duplicate the preceding reports and carry the same rhetoric with full of repetition while factual account of incidents were missing. The figures of deaths described in both reports are mostly referred to the so-called Assistance Association for Political Prisoners (AAPP) which is reportedly mentioned as credible source. Meanwhile, the list prepared by AAPP itself raises many questions on credibility as it does not include verifiable information of affected persons.

The report of the Special Envoy of the Secretary-General of the United Nations is based on sweeping allegations with no clear description on what individual incident happened on which date and time. The Special Envoy also highlights a significant setback of Myanmar that fell to the Tatmadaw's dissent on the electoral process and outcome while omitting the electoral fraud which led to the current political situation with total neglect of the Tatmadaw's primal calls for settling these irregularities by NLD government and previous Union Election Commission. Furthermore, the purposes to interfere and dominate by the United Nations actors are evident as described in the observations of the Special Envoy. The report implies a head on further clash and large-scale armed uprisings between the Government and its people themselves, unnoticeably encouraging the growing unity among groups in the name of common democratic aspirations and common sufferings. It does not utterly show moral support, but only lead to further division among nation and incitement to internal violence. Thus, the questions on integrity of the Special Envoy of the Secretary-General and accordingly, her presence are increasingly growing.

Similarly, almost the whole context in the report of the Special Rapporteur is enriched with distressing narratives by unknown persons with no clue to authenticity and accuracy. It is observed in his report that the Special Rapporteur brings unfounded rumour to a speedy and risky conclusion. For instance, by a narrative of military officer who defected from the Tatmadaw, the Special Rapporteur presumes that the acts conducted by the military likely constitute crimes against humanity. Based on a piece of rhetoric by an individual defector without reasoning and verification, it raises many questions on how such a one-sided conclusion could easily be responded. Furthermore, the Special Rapporteur makes conclusion based on exaggerated information that the Myanmar Government's mismanagement of the COVID-19 pandemic has

caused implication for new variants even deadlier and more contagious than Delta. It is interested to learn how the Special Rapporteur reaches such incorrect assumption based on which scientific studies. In the middle of July, a total of 7,083 persons were infected within a day, accounting for 33 per cent that is the highest figure of infection during the third wave. In cooperation with the people, the Myanmar Government has been putting its utmost efforts in containing the COVID-19 pandemic and the infection rate has significantly declined and currently it reaches less than 8 per cent at present.

It is also skeptical that just on a very weak basis of hearsay unreliable sources, how all these reports consistently made similar voice in denouncing the sovereign government while watering down the violent acts committed by the terrorist groups. Although both reports themselves superficially mentions that there are several acts of violence incited and initiated by terrorist groups, the actual numbers of deaths committed by them were even hidden. From February to late October 2021, there are altogether 3,642 terrorist acts that include 986 terror attacks, 2,344 bomb attacks and 312 arson attacks. Due to their terrorist attacks, 1,155 civilians died and 765 people were injured. Moreover, a total of 182 persons including 75 military personnel, 93 police personnel and 14 civil servants died while 602 were injured. A total of 251 schools and education buildings were torched and bombed by the terrorists. They destroyed roads and railways for 536 times and 76 bridges were also damaged. As a matter of fact, taking part in hostilities and using schools and religious buildings to attack state's security forces by the terrorist groups may constitute war crimes. However, these appalling acts of terrorism are lacking in the reports and accordingly, it amounts to possible conspiracy to denounce the legitimate government and runs contrary to the purposes and principles of the United Nations. Presence of Kyaw Moe Tun, a dismissed civil servant who has been facing the charge of high treason, at the United Nations' meetings including the aforesaid interactive dialogues also indicates the repeated failures of the United Nations in direct contravention of the principles of non-impartiality and non-interference in the internal affairs of a sovereign nation. Myanmar cannot accept the motives of the Organization for its target on a country and using human rights as a political tool to intervene in the internal affairs of Myanmar.

Since their conducts and reports are infringing the sovereignty of the country and their contents did not reflect the actual situation of the country, Myanmar strongly rejects the reports of the Special Envoy of the Secretary-General and the Special Rapporteur and their interactive dialogues where participation of the country concerned is also intentionally excluded.

Ministry of Foreign Affairs
Nay Pyi Taw